**ပြည်သူအတွက်ရသလောက်ယူပေးခဲ့ကြောင်းအမျိုးသားညီလာခံကိုယ်စားလှယ်ဦးကြည်ဝင်းဆို (မြင်းခြံ၊မေ–၂၆)**

နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အရပ်သားမှ ၇၅ ရာခိုင်နှုန်းပါဝင်ပြီးစစ်တပ်က ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းနှင့်ပတ်သက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့်တစ်သီးပုဂ္ဂလိကကိုယ်စားလှယ်အဖွဲ့မှ ဦးကြည်ဝင်းက ပြည်သူများ အတွက်ရသလောက်ယူပေးခဲ့ခြင်းဖြစ်သည်ဟု ယနေ့ပြောကြားခဲ့သည်။

‘ ကျွန်တော်တို့တာဝန်က ငါးကျပ်ရရင် ပြည်သူအတွက်ငါးကျပ်ယူသွားမယ်။ ခုနစ်ဆယ့်ငါးကျပ်ရရင်ခုနစ်ဆယ့်ငါးကျပ် ယူသွားမယ်။ ရာနှုန်းပြည့်ရမှဆိုရင်နောက် ခင်ဗျားတို့ဒီတစ်သက်စောင့်ဦး ရာနှုန်းပြည့်မရဘူး’ ဟု ပရိသတ်တစ်ဦး၏ မေးခွန်းကို ပြန်လည်ဖြေကြားသွားခဲ့သည်။

ဦးကြည်ဝင်းကမြင်းခြံမြို့တွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားရေးနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေး တွေ့ဆုံရှင်းလင်းပွဲတွင် ယခုကဲ့သို့ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

‘တချို့မြို့နယ်တွေမှာပြည်သူတွေက အကြောက်တရားတွေရှိနေတယ်။ အဲဒီအကြောင်းတရားတွေဟာ ဥပဒေကကာကွယ် ပေးနိုင်ခြင်းမရှိလို့ပဲ။ နောင်အနာဂတ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပေါ်ပေါက်လာတဲ့အခါ မိမိတို့ရဲ့အကြောက်တရားတွေကင်းပြီး မိမိတို့ရဲ့လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်တွေရလာမယ်’ ဟုဦးကြည်ဝင်းကပြောကြားသွားခဲ့သည်။